ကာကွယ်ဆေး၏ သတင်းအချက်အလက်နှင့်သက်ဆိုင်သော ထုတ်ပြန်ချက်

MMRV ကာကွယ်ဆေး

သင်သိရန်လိုအပ်သည်မှာ

(ဝက်သက်၊ ပါးချိတ်ရောင်နာ၊ Rubella ဂျာမန်ဝက်သက်နှင့် Varicella ကျောက်ရောဂါ)

ကာကွယ်ဆေး၏ သတင်းအချက်အလက်နှင့်သက်ဆိုင်သော ထုတ်ပြန်ချက်များအား စပိန်ဘာသာနှင့် အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis

Hojas de información Sobre Vacunas están disponibles en español y en muchos otros idiomas. www.immunize.org/vis

1 ဝက်သက်၊ ပါးချိတ်ရောင်နာ၊ Rubella ဂျာမန်ဝက်သက်နှင့် Varicella ကျောက်ရောဂါ

ဝက်သက်၊ ပါးချိတ်ရောင်နာ၊ Rubella ဂျာမန်ဝက်သက်နှင့် Varicella ကျောက်ရောဂါ (ကျောက်ရောဂါ) များမှာ ပြင်းထန်သည့် ရောဂါများ ဖြစ်ကြသည် -

ဝက်သက်

- အကွက်များဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်လုံးယားယံခြင်း၊ ဖျားနာခြင်းများ ဖြစ်စေသည်။
- နားသို့ပိုးဝင်ခြင်း၊ အဆုတ်အအေးမိခြင်း၊ တက်ခြင်း၊ ဦးနှောက်ပျက်စီးခြင်းနှင့် အသက်သေဆုံးခြင်းများသို့ ဦးတည်နိုင်သည်။

ပါးချိတ်ရောင်နာ

- ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ဂလန်းများရောင်ခြင်းများ ဖြစ်စေနိုင်သည်။
- နားကန်းခြင်း၊ မေးခိုင်ရောဂါ (ဦးနှောက်နှင့် ကျောရိုးနာဗ့်ကြိုးအမှေးပါးတွင် ပိုးဝင်ခြင်း)၊ ပန်ခရိယာ့စ် (မုန့်ချိုအိတ်) သို့ ပိုးဝင်ခြင်း၊ ဝှေးစေ့နှင့် မျိုးဥအိတ်များတွင် နာကျင်ရောင်ရမ်းခြင်းနှင့် ဖြစ်ခဲလှသည့် အသက်သေဆုံးခြင်း စသည်တို့သို့ ဦးတည်နိုင်သည်။

Rubella (ဂျာမန်ဝက်သက်)

- အကွက်များဖြစ်ခြင်းနှင့် အနည်းငယ်ဖျားနာခြင်း ဖြစ်စေပြီး အဆစ်အမြစ်ရောင်ရမ်းခြင်းကို ဖြစ်စေနိုင်သည် (များသောအားဖြင့် အမျိုးသမီးများ)။
- ကိုယ်ဝန်ဆောင်စဉ် အမျိုးသမီးများတွင် Rubella ဂျာမန်ဝက်သက်ရောဂါ ဖြစ်ခဲ့ပါက သားပျက်သားလျောခြင်း ဖြစ်စေနိုင်သည် သို့မဟုတ် သူမ၏ကလေးမှာ ဆိုးရွားလှသည့် မွေးရာပါချို့ယွင်းချက်များဖြင့် မွေးဖွားလာနိုင်သည်။

Varicella (ကျောက်ရောဂါ)

- အကွက်များဖြစ်ခြင်း၊ ယားယံခြင်း၊ ဖျားနာခြင်း၊ ပင်ပန်းနွမ်းလျခြင်းများ ဖြစ်စေသည်။
- ဆိုးရွားလှသည့် အရေပြားရောဂါ၊ အမာရွတ်များ၊ အဆုတ်အအေးမိခြင်း၊ ဦးနှောက်ပျက်စီးခြင်း သို့မဟုတ် အသက်သေဆုံးခြင်းများသို့ ဦးတည်နိုင်သည်။
- နှစ်ပေါင်းများစွာ ကြာသည့်အခါ ရေယုံ ဟုခေါ်သော နာကျင်လှသည့် အကွက်များအဖြစ် ပြန်ပေါ်နိုင်သည်။

ဤရောဂါများမှာ လေမှတစ်ဆင့် တစ်ဦးထံမှ တစ်ဦးသို့ ကူးစက်ပြန့်ပွားနိုင်သည်။ Varicella ရောဂါပိုးသည်လည်း ကျောက်ရောဂါရှိ အနာများမှ အရည်များနှင့် ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်သည်။

ကာကွယ်ဆေး မပေါ်မီအချိန်များက ဤရောဂါများမှာ အမေရိကန်ပြည်ထောင်စုတွင် အလွန်အဖြစ်များခဲ့သည်။

2 MMRV ကာကွယ်ဆေး

MMRV ကာကွယ်ဆေး အား ၁ နှစ်မှ ၁၂ နှစ်အရွယ် ကလေးများသို့ ယင်းရောဂါလေးမျိုးမှ ကာကွယ်ရန် ပေးပါသည်။

MMRV ကာကွယ်ဆေးပါတ် ၂ ပါတ်စာအား အကြံပြုထားသည်မှာ -

- ပထမဆေးပါတ်မှာ အသက် **၁၂ လမှ ၁၅ လအတွင်း**
- ဒုတိယဆေးပါတ်မှာ အသက် **၄ နှစ်မှ ၆ နှစ်အတွင်း**

၎င်းတို့မှာ *အကြံပြုထားသည့်* အသက်များ ဖြစ်ကြသည်။ သို့ရာတွင် ပထမဆေးပါတ်အပြီး အနည်းဆုံး ၃လအကြာ ဖြစ်ပါက ကလေးများအား ဒုတိယဆေးပါတ်အား အသက် ၁၂ နှစ်အထိ ပေးနိုင်ပါသည်။

ကလေးများသည်လည်း ဤကာကွယ်ဆေးများကို သီးခြား ၂ ကြိမ်စာ ထိုးဆေးအဖြစ် ခံယူရလိမ့်မည် - **MMR** (ဝက်သက်၊ ပါးချိတ်ရောင်နာနှင့် rubella ဂျာမန်ဝက်သက်) နှင့် **varicella ကျောက်ရောဂါ**ကာကွယ်ဆေးများ။

၁ ကြိမ်ထိုးမည်လော (MMRV) သို့မဟုတ် **၂ ကြိမ်ထိုးမည်လော** (MMR နှင့် Varicella)။

- ရွေးချယ်ချက်နှစ်မျိုးလုံးမှာ တူညီသော ကာကွယ်မှု ပေးပါသည်။
- MMRV ဆိုပါက တစ်ကြိမ်ထိုးစာ သက်သာမည်ဖြစ်သည်။
- တစ်ရက်တည်းတွင် MMR နှင့် varicella ကာကွယ်ဆေးအား ပထမဆေးပါတ်အဖြစ် သီးခြားထိုးသည့် ကလေးများ (၂,၅၀၀ တွင် ၁ ဦး) ထက် MMRV အား ပထမဆေးပါတ်အဖြစ် ထိုးသူ ကလေးများတွင် ဖျားနာခြင်းနှင့် ဖျားနာမှုနှင့်ဆက်စပ်မှုရှိသည့် တက်ခြင်းများ (၁,၂၅၀ တွင် ၁ ဦး) ပိုမိုအဖြစ်များသည်။

MMR နှင့် Varicella ကာကွယ်ဆေးများနှင့်ပတ်သက်သည့် ကာကွယ်ရေးသတင်းအချက်အလက်ဆိုင်ရာ ထုတ်ပြန်ချက်များအပါအဝင် သင့်ဆရာဝန်မှ သင့်အား သတင်းအချက်အလက်များ ပိုမိုပေးနိုင်ပါသည်။

ဤရောဂါများမှ ကာကွယ်မှု လိုအပ်သည့် အသက် ၁၃ နှစ် သို့မဟုတ် ၎င်းနှင့်အထက် မည်သူမဆိုသည် MMR နှင့် varicella ရောဂါကာကွယ်ဆေးများအား သီးခြားစီ ထိုးသင့်ပါသည်။

MMRV အား အခြားကာကွယ်ဆေးများအဖြစ် တစ်ချိန်တည်း၌ပင် ပေးလိမ့်မည်ဖြစ်သည်။

3 အချို့ကလေးများသည် MMRV ကာကွယ်ဆေးအား အထိုးမခံသင့်ပါ သို့မဟုတ် စောင့်ဆိုင်းသင့်သည်

အောက်ပါအကြောင်းအရာများနှင့် သက်ဆိုင်သည့် ကလေးများသည် MMRV ကာကွယ်ဆေး အထိုးမခံသင့်ပါ -

- ယခင် MMRV သို့မဟုတ် MMR သို့မဟုတ် varicella ကာကွယ်ဆေးပါတ်ထိုးရာတွင် အသက်အန္တရာယ်ခြိမ်းခြောက်သည်အထိ ဆေးနှင့်ဓာတ်မတည့်ခြင်း ဖြစ်ပွားခဲ့ပါက။
- အသက်အန္တရာယ်ခြိမ်းခြောက်သည်အထိ ကာကွယ်ဆေးတွင်း ပါဝင်သည့် မည်သည့် ဓာတ်ပစ္စည်းနှင့်မဆို ဓာတ်မတည့်ခြင်း ဖြစ်ပွားခဲ့ပါက။ ဆရာဝန်အား သင့်ကလေးတွင် ပြင်းထန်သည့် ဆေးနှင့်ဓာတ်မတည့်သည့် ရောဂါရှိကြောင်း ပြောပြပါ။
- HIV/AIDS သို့မဟုတ် ခုခံအားစနစ်အား သက်ရောက်မှုရှိစေသည့် အခြားရောဂါရှိပါက။
- ၂ ပတ် သို့မဟုတ် ယင်းနှင့်အထက်ကြာ များပြားလှသည့် စတီရွိုက်သောက်ဆေး ပမာဏ သောက်သုံးနေခြင်း အပါအဝင် ခုခံအားစနစ်အား သက်ရောက်မှုရှိစေသည့် ဆေးဝါးများဖြင့် ကုသမှုခံယူနေပါက။
- မည်သည့်ကင်ဆာရောဂါ အမျိုးအစားမဆို ရှိပါက။
- ကင်ဆာရောဂါအား ဓာတ်ရောင်ခြည်ဖြင့် သို့မဟုတ် ဆေးဝါးဖြင့် ကုသခြင်း ခံယူနေပါက။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

ကလေးတွင် အောက်ပါအကြောင်းအရာများ ရှိပါက သင့်ဆရာဝန်နှင့် တိုင်ပင်ပါ-

- ယခင်တက်တတ်သည့် ရောဂါရှိခြင်း သို့မဟုတ် မိဘ၊ အစ်ကို သို့မဟုတ် အစ်မတွင် တက်တတ်သည့် ရောဂါရှိခြင်း။
- ခုခံအားစနစ်တွင် ပြဿနာရှိသည့် မှတ်တမ်းများရှိသော မိဘ၊ အစ်ကို သို့မဟုတ် အစ်မ ရှိပါက။
- ပလီတ်လတ် (စ်)သွေးဆဲလ်အရေအတွက် နည်းပါးခြင်း သို့မဟုတ် အခြားသွေးနှင့်ပတ်သက်သည့် ရောဂါရှိပါက။
- မကြာသေးမီက သွေးသွင်းခြင်း သို့မဟုတ် အခြားသွေးတွင်း ပါဝင်သည့် ပစ္စည်းများ ရရှိခဲ့ပါက။
- ကိုယ်ဝန်ရှိကောင်းရှိနိုင်ပါက။

ကာကွယ်ဆေးထိုးရန် သတ်မှတ်ထားသည့် အချိန်တွင် အတန်အသင့် သို့မဟုတ် အပြင်းအထန် ဖျားနေသော ကလေးများသည် ပုံမှန်အားဖြင့် MMRV ကာကွယ်ဆေး မထိုးမီ ပြန်လည်နေကောင်းလာသည်အထိ စောင့်ဆိုင်းသင့်သည်။ အနည်းအကျဉ်းသာ အဖျားရှိသော ကလေးများသည် ပုံမှန်အားဖြင့် ကာကွယ်ဆေး အထိုးခံသင့်သည်။

နောက်ထပ်သတင်းအချက်အလက်အတွက် သင့်ဆရာဝန်အား မေးမြန်းပါ။

4 MMRV ကာကွယ်ဆေး၏ အန္တရာယ်များမှာ အဘယ်နည်း။

အခြားဆေးဝါးများကဲ့သို့ ကာကွယ်ဆေးမှာလည်း ပြင်းထန်လှသည့် ဆေးနှင့်ဓာတ်မတည့်သည့် ရောဂါများ အစရှိသော ဆိုးရွားလှသည့် ကိစ္စရပ်များ ဖြစ်စေနိုင်ပါသည်။ ဆိုးရွားလှသည့် ဘေးအန္တရာယ် သို့မဟုတ် အသက်သေဆုံးခြင်းများကို ဖြစ်စေနိုင်သည့် MMRV ကာကွယ်ဆေး၏ အန္တရာယ်မှာ အလွန်တရာမှ နည်းပါးလှပါသည်။

MMRV ကာကွယ်ဆေးထိုးခြင်းမှာ ဝက်သက်၊ ပါးချိတ်ရောင်နာ၊ rubella ဂျာမန်ဝက်သက် သို့မဟုတ် ကျောက်ရောဂါများ ဖြစ်စေခြင်းထက် ပို၍လုံခြုံစိတ်ချရပါသည်။

MMRV ကာကွယ်ဆေးထိုးသူ ကလေးအများစုတွင် ယင်းကာကွယ်ဆေးနှင့်ပတ်သက်၍ မည်သည့်ပြဿနာမျှ မရှိပါ။

အသေးစားပြဿနာများ

- ဖျားနာခြင်း (ကလေး ၅ ဦးတွင် ၁ ဦးခန့်)။
- အသေးစားအကွက်များပေါ်ခြင်း (ကလေးဦးရေ ၂၀ တွင် ၁ ဦးခန့်)။
- ပါး သို့မဟုတ် လည်ပင်းရှိ ဂလန်းများ ရောင်ရမ်းခြင်း (ဖြစ်ခဲ)။

အကယ်၍ ယင်းပြဿနာများ ဖြစ်ပွားခဲ့ပါက ပုံမှန်အားဖြင့် ပထမဆေးပါတ်အပြီး ၅–၁၂ ရက်အတွင်း ဖြစ်သည်။ ဒုတိယဆေးပါတ်အပြီးတွင် ဖြစ်လေ့ဖြစ်ထ နည်းပါးလှပါသည်။

အတန်အသင့်ပြဿနာများ

- ဖျားနာခြင်းကြောင့် တက်ခြင်း (MMRV ထိုးသူ ကလေးဦးရေ ၁,၂၅၀တွင် ၁ ဦးခန့်)၊ ပုံမှန်အားဖြင့် ပထမဆေးပါတ်အပြီး ၅–၁၂ ရက်အကြာ။
  MMR နှင့် varicella ကာကွယ်ဆေးများအား တစ်ချိန်တည်းတွင် သီးခြားထိုးခြင်းဖြစ်ပါက (ဤကာကွယ်ဆေးနှစ်မျိုးအားထိုးသူ ကလေးဦးရေ ၂,၅၀၀ တွင် ၁ ဦးခန့်) ၎င်းတို့မှာ ဖြစ်လေ့ဖြစ်ထ နည်းပါးလှပြီး MMRV ကာကွယ်ဆေး ၂ ပါတ်မြောက်တွင် ဖြစ်ခဲလေ့ပါသည်။
- သွေးမတိတ်ရောဂါ (ကလေးဦးရေ ၄၀,၀၀၀ တွင် ၁ဦးခန့်) အား ဖြစ်စေနိုင်သော ယာယီပလီတ်လတ်စ်သွေးဆဲလ်ပမာဏ နည်းပါးခြင်း။

ပြင်းထန်လှသည့် ပြဿနာများ (အလွန်တရာမှ ဖြစ်ခဲလေ့ပါသည်)

MMR ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်ပေါ်သည့် မြောက်များလှစွာသော ပြင်းထန်လှသည့် ပြဿနာများအား သတင်းပေးပို့ထားပြီးဖြစ်ပြီး ယင်းတို့မှာ MMRV ထိုးပြီးနောက်တွင်လည်း ဖြစ်ပွားနိုင်ပါသည်။ ယင်းတို့တွင် ပြင်းထန်လှသော ဆေးနှင့်ဓာတ်မတည့်သည့် ရောဂါများ (တစ်သန်းလျှင် ၄ ဦးထက်နည်း)နှင့် အောက်ပါရောဂါများ ပါဝင်ပါသည် -

- နားကန်းခြင်း။
- နာတာရှည်တက်သည့်ရောဂါ၊ နစ်ရှည်လများမေ့မြောခြင်း၊ သတိလစ်ခြင်း။
- တစ်သက်တာ ဦးနှောက်ပျက်စီးခြင်း။

Translation provided by the Immunization Action Coalition
DCH-1494BU

5 အကယ်၍ ပြင်းထန်သည့် ဆေးနှင့်ဓာတ်မတည့်သည့်ရောဂါ ဖြစ်ပွားခဲ့ပါက မည်သို့ပြုလုပ်မည်နည်း။

ကျွန်ုပ်သည် မည်သည်ကို ရှာဖွေသင့်ပါသနည်း။

- ပြင်းထန်လှသည့် ဓာတ်မတည့်သည့်ရောဂါ လက္ခဏာများ။ လွန်ကဲစွာ အဖျားတက်ခြင်း သို့မဟုတ် အပြုအမူပြောင်းလဲခြင်း စသည်တို့ကဲ့သို့ သင့်အား စိတ်ပူပန်စေသည့် အရာမှန်သမျှအား ရှာဖွေပါ။

  ပြင်းထန်လှသည့် ဓာတ်မတည့်သည့်ရောဂါ လက္ခဏာများတွင် အဖုအပိန့်များထခြင်း၊ မျက်နှာနှင့် လည်ချောင်းရောင်ရမ်းခြင်း၊ အသက်ရှူကြပ်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးဝေခြင်းနှင့် အားနည်းခြင်းများ ပါဝင်သည်။ ၎င်းတို့မှာ ကာကွယ်ဆေးထိုးပြီး မိနစ်အနည်းငယ်မှ နာရီအနည်းငယ်အကြာတွင် စတင်ဖြစ်ပွားနိုင်ပါသည်။

ကျွန်ုပ်မည်သို့ လုပ်ဆောင်သင့်သနည်း။

- အကယ်၍ ၎င်းမှာ ပြင်းထန်လှသည့် ဓာတ်မတည့်သည့်ရောဂါ သို့မဟုတ် စောင့်ဆိုင်းမနေသင့်သည့် အခြားအရေးပေါ်အခြေအနေဟု သင်ထင်မြင်ပါက 9-1-1 သို့ ခေါ်ဆိုပါ သို့မဟုတ် ၎င်းအား အနီးစပ်ဆုံးဆေးရုံသို့ ပို့ဆောင်ပါ။ သို့မဟုတ်ပါက သင့်ဆရာဝန်ကို ခေါ်ဆိုပါ။
- ထို့နောက် ၎င်းဆေးနှင့် ဓာတ်မတည့်သည့် ကိစ္စရပ်အား ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုးဖြစ်စဉ်များ သတင်းပေးပို့ခြင်းစနစ် (Vaccine Adverse Event Reporting System - VAERS) သို့ သတင်းပေးပို့သင့်သည်။ သင့်ဆရာဝန်မှ ဤအစီရင်ခံစာအား ပေးပို့လိမ့်မည် သို့မဟုတ်ပါက VAERS ဝက်ဘ်ဆိုဒ် **www.vaers.hhs.gov**မှတစ်ဆင့် သင်ကိုယ်တိုင် သတင်းပေးပို့နိုင်သည် သို့မဟုတ် **1-800-822-7967**သို့ ခေါ်ဆိုနိုင်ပါသည်။
- *VAERS မှာ ဆေးနှင့် ဓာတ်မတည့်သည့် ကိစ္စရပ်အား သတင်းပေးပို့ရန်အတွက်သာ ဖြစ်ပါသည်။ ၎င်းတို့မှ ဆေးကုသမှုနှင့်ပတ်သက်၍ အကြံဉာဏ်များ ပေးအပ်လိမ့်မည်မဟုတ်ပါ။*

6 ကာကွယ်ဆေးကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးအပ်သည့် နိုင်ငံတော်အစီအစဉ်

ကာကွယ်ဆေးကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးအပ်သည့် နိုင်ငံတော်အစီအစဉ် (VICP) မှာ အချို့သော ကာကွယ်ဆေးများကြောင့် ထိခိုက်နစ်နာသူများကို လျော်ကြေးပေးအပ်ရန် ဖွဲ့စည်းတည်ထောင်ထားသည့် အစိုးရအစီအစဉ်တစ်ခုဖြစ်သည်။

ကာကွယ်ဆေးကြောင့် ထိခိုက်နစ်နာမှုရှိသည်ဟု ယုံကြည်သူများသည် အစီအစဉ်နှင့်ပတ်သက်၍ သော်လည်းကောင်း၊ အဆိုပြုလျှောက်ထားရန်အတွက် သော်လည်းကောင်း **1-800-338-2382** သို့ ခေါ်ဆိုခြင်း သို့မဟုတ် **www.hrsa.gov/vaccinecompensation** ရှိ VICP ဝက်ဘ်ဆိုဒ်သို့ သွားရောက်ခြင်းဖြင့် လေ့လာနိုင်ပါသည်။

7 ကျွန်ုပ်သည် မည်ကဲ့သို့ ထပ်မံလေ့လာနိုင်ပါသနည်း။

- သင့်ဆရာဝန်အား မေးမြန်းပါ။ 1–888–767–4687
- သင့်ဒေသဆိုင်ရာ သို့မဟုတ် ပြည်နယ်ဆိုင်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်ပါ။
- ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေးစင်တာများ (CDC)သို့ ဆက်သွယ်နိုင်ပါသည်
  - **1-800-232-4636 (1-800-CDC-INFO)** သို့ ခေါ်ဆိုပါ သို့မဟုတ်
  - CDC ၏ ဝက်ဘ်ဆိုဒ် **www.cdc.gov/vaccines**

Vaccine Information Statement (Interim)

MMRV Vaccine

5/21/2010 Burmese

42 U.S.C. § 300aa-26

Office Use Only

AUTH: P.H.S., Act 42, Sect. 2126.

ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ ပတ်သက်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။
ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။